

ချို့တဲ့လှမ်းဝေး

# ပညာရေး

မွန်ကျေးလက်ဒေသ ပညာရေးအခြေအနေများနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများ

ဇွန်လ ၂၀၁၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်
မှ စီစဉ်ထုတ်ဝေသည်။



Kaw Pe Htaw
Mixed school, Post Primary, 1 interview
KYAINNSEIKYI
Mixed school, Post Primary, 2 interviews
Kyet Tu Yway Taung
MNS, Primary school 8 interviews
THANBYUZAYAT
Wai Thar Li (West)
Wai Thar Li (East)
Koh Ann Htaw
Leik Pyaw
Phae Kapoe
MNS, Primary school 1 interview
MNS, Primary school 2 interviews
Mixed school, Post Primary, 8 interviews
MNS, Primary school 11 interviews
N
Za Mi River
LAMAING
LEGEND
Village where interveiws were conducted
Town
Motor road
Railway
Government School
Mon National School
Mixed School
THREE PAGODAS PASS
MNS, Primary school 1 interview
Govt., Middle School, 5 interviews
Kwin Shay
Kyone Laung
Kyone Laung Ywar Thit
YE
Gu Bao
Palaing Japan
MNS, Middle school 1 interview
Govt., Middle School, 5 interviews
Bleh Doon Phite
Kaw Hlaing
Han Gan
MNS, Post Primary, 1 interview
Suvarnabhumi
Mixed School, Post Primary, 16 interviews
MNS, Primary school 1 interview
THAILAND
KHAW ZAR
Mixed School, Post Primary, 13 interviews
Kyone Nye
Alae Sakhan
Mi Htaw Hlar Lay
MNS, Primary school 17 interviews
Mi Htaw Hlar Gyi
Loh Taing
Ma Gyi
Kyauk Kadin
Mixed School,Primary, 1 interview
Sixty Mile
Thar Yar Mon
Mixed School,Primary, 2 interviews
Govt., Post Primary School, 11 interviews
Mixed School,Primary, 9 interviews
Kywe Tha Lin
Yapu
Sin Swe
Mixed School, Post Primary, 19 interviews
Yae Ngan Gyi
Min Thar
Maw Gyi
Lae Gyi
Mixed School,Primary, 4 interviews
YEBYU

# ချို့တဲ့လှမ်းဝေးပညာရေး


## မွန်ကျေးလက်ဒေသ ပညာရေးအခြေအနေများနှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများ

### အစီရင်ခံစာအကျဉ်းချုပ်

ဤချို့တဲ့လှမ်းဝေး ပညာရေး အစီရင်ခံစာတွင် ကျေးလက်ဒေသနေ မွန်တိုင်းရင်းသားပြည်သူများ ရင်ဆိုင်နေရသော ပညာရေးဆိုင်ရာ အခက်အခဲများကို တင်ပြနိုင်ရန်အတွက် အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်အဖွဲ့သားများက ယခင် စစ်ရေးပဋိပက္ခများနှင့် ကြုံတွေ့ခဲ့ရသည့် မွန်ပြည်နယ် ရေးမြို့နယ်၊ ကရင်ပြည်နယ် ကြာ အင်းဆိပ်ကြီးမြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်ရှိ မွန်လူမျိုးအများစုနေထိုင်သော ကျေးရွာပေါင်း (၁၇) ရွာမှ ရွာသူရွာသား (၁၄၆) ဦးကို တွေ့ဆုံမေးမြန်းပြီး မှတ်တမ်းပြုစုခဲ့သည်။

### ၁) မှတ်တမ်းပြုစုပုံ

အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်အဖွဲ့သားများအနေဖြင့် အမျိုးမျိုးသော ပညာရေးဆိုင်ရာ ယန္တရားများကို ခြုံငုံမိစေရန် ကြိုးပမ်းခဲ့ပြီး ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ မူလတန်းကျောင်း (၃) ကျောင်း၊ ပညာရေးဝန်ကြီးဌာန၏ ဩဇာပိုမို လွှမ်းမိုးသော ပူးပေါင်းကျောင်း (၁၀) ကျောင်းနှင့် မွန်အမျိုးသားပညာရေး ကော်မတီလက်အောက်ရှိ စာသင်ကျောင်း (၁၀) ကျောင်းတို့တွင် ပညာရေးဆိုင်ရာအချက်အလက်များကို မှတ်တမ်းပြုကောက်ခံခဲ့သည်။




ပုံ (၁) ဖော်ပြထားသည့်အတိုင်း ကျောင်း

ထွက်ခဲ့ရသောကလေးများနှင့် တွေ့ဆုံမေးမြန်းမှု အများဆုံးပြုလုပ်ခဲ့ပြီး ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ရပ်ကျေးအုပ်ချုပ်ရေးပိုင်းမှ လူပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

## ၂) ကျောင်းထွက်ခြင်း

အမျိုးသမီးနှင့်ကလေးအခွင့်အရေးအစီအစဉ်၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ကလေးငယ်များ ကျောင်းထွက်ခဲ့ရခြင်း၏ အကြောင်းရင်းကို သိရှိရန်ဖြစ်သည်။

### ကျောင်းထွက်ရခြင်းအဆင့်ဆင့်





**Figure 2: Stage of drop out among children who provided data**

**(**WCRP Interview data).

တွေ့ဆုံမေးမြန်းခဲ့သော ကလေးငယ် (၅၁) ဦးက ၎င်းတို့အနေဖြင့် မည်သည့်စာသင်နှစ်တွင် ကျောင်းထွက်ခဲ့ရသည်ကို အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်အား ပြောပြခဲ့သည်။ ပုံ (၂) တွင် ပြထားသည့်အတိုင်း ကျောင်းထွက်ခဲ့ရသော ကလေးငယ်များ၏ သုံးပုံတစ်ပုံကျော်သည် မူလတန်းပညာကို ဆုံးခန်းတိုင်မသင်ကြားနိုင်ဘဲ ကျောင်းထွက်ခဲ့ရခြင်း ဖြစ်သည်။ ကျောင်းထွက်ခဲ့ရသော ကလေးငယ်များ၏ သုံးပုံတစ်ပုံခန့်က မူလတန်းပညာ ပြီးဆုံးလျှင်ပြီးဆုံးခြင်း ကျောင်းထွက်ခဲ့ရသဖြင့် အလယ်တန်းပညာကို ဆက်လက်သင်ယူနိုင်ခြင်း မရှိချေ။ တွေ့ရှိခဲ့သော အချက်အလက် ကိန်းဂဏန်းများအရ မူလတန်းပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ခြင်းပြဿနာက မြန်မာအစိုးရအနေဖြင့် စစ်တမ်းကောက်လေ့လာခဲ့သော မြို့နယ်များတွင် ကုလသမဂ္ဂ၏ မသင်မနေရ အခမဲ့ပညာရေးရည်မှန်းချက်ကို ဖြည့်ဆည်းရန် ပျက်ကွက်ခဲ့ကြောင်း ဖော်ပြနေသည်။





**Figure 3: What was the main reason you left school? (As % of dropout interviewees who gave a reason)** (WCRP Interview Data).

## အသက်မွေးမှုအခက်အခဲ

(၇၃) ဦးသော ကလေးငယ်များက ၎င်းတို့၏ ကျောင်းထွက်ခဲ့ရခြင်းအကြောင်းရင်းကို အမျိုးသမီးနှင့် ကလေးအခွင့်အရေး အစီအစဉ်အား အသေးစိတ်ပြောပြခဲ့သည်။ ပုံ (၃) တွင် ဖော်ပြထားသည့်အတိုင်း တွေ့ဆုံမေးမြန်းခဲ့သော ကလေးငယ်များ၏ သုံးပုံတစ်ပုံကျော်သည် မိသားစုအသက်မွေးမှုအခက်အခဲကြောင့် ကျောင်းထွက်ခဲ့ရခြင်းဖြစ်သဖြင့် မိသားစုအသက်မွေးမှုပြဿနာသည် အဓိကကျသော အချက်တစ်ခုဖြစ်သည်။ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများနှင့် ရပ်ကျေးခေါင်းဆောင်များကလည်း ဤအချက်ကိုဝန်ခံခဲ့ပြီး တွေ့ဆုံမေးမြန်းမှုပေါင်း (၁၃၅) ခုအနက် (၈၇) ခုက မိသားစု စားဝတ်နေရေး ပြဿနာသည် ကျောင်းထွက်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ဆွေးနွေးပြောဆိုခဲ့သည်။ ဥပ

မာအားဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်မြို့နယ် အရှေ့ဝေဘာလီကျေးရွာမှ ကျောင်းဆရာတစ်ဦးက အောက်ပါအတိုင်း ပြောပြခဲ့သည်။

> "ကျောင်းတက်ရမယ့်ကလေးက အယောက် (၂၈၀) လောက်ရှိတယ်။ ဒါပေမယ့် (၂၃၅) ယောက်ပဲ ကျောင်းတက်နိုင်တယ်။ ကျန်တဲ့ကလေးတွေက မိသားစုစားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းမတက်နိုင်ဘူး။"

အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်အနေဖြင့် စားဝတ်နေရေးအခက်အခဲကြောင့် ကျောင်းထွက်ရခြင်း၏ ဖြစ်စဉ်အဆင့်ဆင့်ကိုလည်း အသေးစိတ်လေ့လာခဲ့သည်။

- ဆင်းရဲသောမိသားစုများအနေဖြင့် ပညာရေးကုန်ကျစရိတ်များကို သုံးစွဲနိုင်ခြင်း မရှိချေ။ မူလတန်းနှင့် အလယ်တန်းစာသင်နှစ်များတွင် ပေးချေရသော ကျောင်းအသုံးစရိတ်များသည် မြင့်မားလျက်ရှိသည်။ ကျေးလက်ဒေသများတွင် အလယ်တန်း သို့မဟုတ် အထက်တန်း ကျောင်းများမရှိခြင်း၊ အလယ်တန်း သို့မဟုတ် အထက်တန်း ပညာသင်ယူရန် မိုင်ပေါင်းများစွာ ခရီးသွားရခြင်း၊ တခြားဒေသသို့ သွားရောက်ပညာသင်ယူရသဖြင့် ကုန်ကျစရိတ်ပိုမိုများပြားခြင်းတို့ကြောင့် ကလေးငယ်များအနေဖြင့် မူလတန်းလွန်ပညာသင်ယူရန် များစွာခက်ခဲလျက်ရှိသည်။

- ဆင်းရဲသောမိသားစုမှ ကလေးငယ်များအနေဖြင့် မိသားစုဝင်ငွေအတွက် အလုပ်လုပ်ရခြင်းကြောင့် စာသင်ကျောင်းကို စွန့်ခွာကာ လုပ်ငန်းခွင်ဝင်ခဲ့ကြရသည်။

- စားဝတ်နေရေးခက်ခဲခြင်းက ကျေးလက်နေပြည်သူများကို တခြားဒေသသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ဖိအားပေးလျက်ရှိသည်။ ကလေးငယ်များနှင့် အတူနေလိုသော မိဘများက ကလေးငယ်များကို ကျောင်းထုတ်ကာ ပြောင်းရွှေ့ရာဒေသသို့ တစ်ပါတည်းခေါ်ဆောင်သွားခဲ့သည်။

- ဆင်းရဲသောလူ့အဖွဲ့အစည်းအနေဖြင့် ပညာရေးတန်ဖိုးနှင့် အသုံးဝင်ပုံကို နားလည်ရန် ခက်ခဲလှသည်။ အတန်းပညာသင်ကြားခြင်းသည် အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူမပြုသည့်အပြင် အကုန်အကျလည်း များပြားလှသည်ဟုယူဆသဖြင့် ကလေးငယ်များကို ကျောင်းမှထွက်စေခြင်းဖြစ်သည်။

- ပုံ (၃) – သင် ကျောင်းထွက်ခဲ့ရခြင်း၏ အဓိကအကြောင်းရင်းက ဘာလဲ။ အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က ရရှိလာခဲ့သော ကျောင်းထွက်ရခြင်းအကြောင်းရင်းများ၏ ရာခိုင်နှုန်းများ။

### ကျောင်းထွက်ရခြင်း၏ နောက်ကွယ်မှ တစ်ခြားအကြောင်းရင်းများ

စာသင်ကျောင်းနှင့် အလှမ်းဝေးလွန်းခြင်း။ ။အများပြည်သူသုံး ခရီးသွားပို့ဆောင်ရေးစနစ် မရှိခြင်း၊ မိုးရာသီတွင် ရေကြီးခြင်း၊ ကျောင်းသွားလမ်းတစ်လျှောက် လုံခြုံမှုမရှိခြင်းကြောင့် ကျောင်းထွက်ခဲ့မှုများရှိသည်။ အလယ်တန်းပညာသင်နှစ်တွင် ကျောင်းထွက်ရခြင်းအကြောင်းရင်းတွင် သွားလာရေးခက်ခဲခြင်းသည် အဓိကအချက်တစ်ခုဖြစ်ခဲ့ပြီး ကလေးများအနေဖြင့် အလယ်တန်း သို့မဟုတ် အထက်တန်းပညာသင်ယူရန် ၎င်းတို့နေရပ်မှထွက်ခွာကာ ဝေးလံသောနေရာသို့ သွားရောက်နေရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ကျောင်းအိပ်ကျောင်းစားနေရခြင်း။ ။နေထိုင်ရာကျေးရွာနှင့် စာသင်ကျောင်းဝေးကွာမှုကြောင့် ကျောင်းအိပ် ကျောင်းစားနေရသဖြင့် ကျောင်းထွက်ခဲ့ခြင်းများရှိသည်။ ငွေကြေးပြဿနာမရှိသော်လည်း ကျောင်းအိပ် ကျောင်းစားနေရသဖြင့် မိသားစုဝင်များကို လွမ်းဆွတ်ခြင်း၊ အနေဝေးသဖြင့် မိဘများက စိတ်ပူပန်နေရခြင်းများသည် အခက်အခဲများ ဖြစ်လာခဲ့သည်။

အိမ်အလုပ်များကို ကူညီလုပ်ကိုင်ရခြင်း။ ။ကလေးငယ်များအနေဖြင့် ပညာသင်ယူနေစဉ်တွင် မီးဖိုချောင်လုပ်ငန်းများ ကူညီလုပ်ကိုင်ရခြင်း၊ ညီငယ်ညီမငယ်များကို ကူညီထိန်းကျောင်းရခြင်း စသည့် အိမ်အလုပ်များကိုလည်း လုပ်ကိုင်ရသည်။ အိမ်အလုပ်လုပ်ကိုင်ရန်အတွက် ကျောင်းထွက်ခဲ့ရခြင်းများလည်း လေ့လာတွေ့ရှိခဲ့သည်။

ပညာရေးနှင့်ပတ်သက်၍ အတွေ့ကြုံဆိုးများ ခံစားရခြင်း။ ။သင်ခန်းစာများက ငြီးငွေ့ဖွယ်ရာကောင်းခြင်း၊ သင်ခန်းစာမလိုက်နိုင်ခြင်းမှအစ စည်းမျဉ်းစည်းကမ်းများကို မလိုအပ်ဘဲ အလွန်အကျွံသုံးစွဲခြင်းအဆုံး များပြားသောအတွေ့ကြုံဆိုးများကို ထုတ်ဖော် ပြောဆိုခဲ့ကြသည်။

## ၃) ကျေးလက်စာသင်ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း

အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်အနေဖြင့် စာသင်ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုရှိမရှိကို ဒုတိယဦးစားပေး မေးမြန်းခဲ့သည်။ ကွင်းဆင်းလေ့လာခဲ့သော ကျေးလက်စာသင် ကျောင်း (၂၃) ကျောင်းတွင် (၁၄) ကျောင်းက သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိချေ။၂ ပုံ (၄) တွင် ဖော်ပြထားသည့်အတိုင်း မွန်အမျိုးသားစာသင်ကျောင်း များတွင် သင်ထောက်ကူပစ္စည်း မလုံလောက်မှု ပိုမိုကြုံတွေ့ရသည်။

ပုံ (၄) သက်ဆိုင်ရာ စာသင်ကျောင်းများရှိ သင်ထောက်ကူပစ္စည်းမလုံလောက်မှုနှင့်ပတ်သက်သော အခက်အခဲများ

## သင်ထောက်ကူပစ္စည်းမလုံလောက်မှု ပုံစံများ

### ၁) စာသင်ကျောင်း အဆောက်အဦးများနှင့် ပစ္စည်းကိရိယာများ

မွန်အမျိုးသားမူလတန်းစာသင်ကျောင်းများ အနေဖြင့် အမြဲတမ်းစာသင်ကျောင်း အဆောက်အဦ မရှိချေ။ စာသင်ကျောင်းများ သေးငယ်လွန်းခြင်း၊ ဟောင်းနွမ်းဆွေးမြည့်ပြီး ပြုပြင်ရန် လိုအပ်နေခြင်း၊ သီးသန့်စာသင်ခန်း မရှိခြင်း စသည့်လိုအပ်ချက်များကို တွေ့ရှိရသည်။ စာသင်ခုံများ၊ ကုလားထိုင်များ မလုံလောက်ခြင်းနှင့် သောက်ရေသုံးရေရရှိရန် ခက်ခဲခြင်းများကိုလည်း တွေ့ရှိခဲ့ရသည်။





**Figure 4: Number of complaints over resource difficulties, by type of complaint and type of school** (WCRP Interview Data).

### ၂) သင်ထောက်ကူပစ္စည်းများ

စာသင်ကျောင်းများတွင် စာရေးကိရိယာများ၊ ပုံနှိပ်စာအုပ်များနှင့် အခြားသောသင်ထောက်ကူပစ္စည်းများ မရှိချေ။

### ၃) ဆရာဆရာမများ

ဆရာ ဆရာမအရေအတွက် မလုံလောက်ခြင်း၊ တစ်ခြားသော အကြောင်းကိစ္စများကြောင့် ဆရာ ဆရာမများက စာသင်ကြားခြင်း မပြုလုပ်နိုင်ခြင်း၊ ဆရာဆရာမ အပြောင်းအရွှေ့ မြင့်မားခြင်း၊ ဆရာဆရာမများ၏ သင်ကြားရေးအတွေ့အကြုံ နနယ်ခြင်း၊ ဆရာ ဆရာမများ၏ တတ်မြောက်မှု အဆင့်မမီခြင်းစသည့် လိုအပ်ချက်များကိုလည်း တွေ့ရှိခဲ့သည်။

## မွန်အမျိုးသားစာသင်ကျောင်းအား အစိုးရက ထောက်ပံ့ခြင်း

မွန်အမျိုးသားစာသင်ကျောင်းများတွင် သင်ထောက်ကူပစ္စည်းများနှင့် အရင်းမြစ်များ မလုံလောက်မှု ကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရက မွန်အမျိုးသားစာသင်ကျောင်းများကို ငွေကြေးထောက်ပံ့ကူညီရန်

ချဉ်းကပ်မှုများ ရှိခဲ့သည်။ သို့သော် အစိုးရ၏ အထောက်အပံ့ကို လက်ခံခံပါက မွန်အမျိုးသား စာသင်ကျောင်းများအနေဖြင့် ၎င်းတို့၏ လွတ်လပ်သောရပ်တည်မှုကို ဆုံးရှုံးရဖွယ်ရှိသည်။ တိတိ ကျကျဖော်ပြရလျှင် အစိုးရအထောက်အပံ့ကို လက်ခံမည်ဆိုပါက မွန်အမျိုးသား စာသင်ကျောင်းများအနေဖြင့် တစ်နေ့လျှင် တစ်နာရီသာ မွန်စာပေသင်ကြားခွင့်ရမည်ဖြစ်ပြီး အစိုးရက ခန့်အပ်သော ဆရာ ဆရာမများကိုလည်း အမျိုးသားကျောင်းများတွင် တာဝန်ပေးရမည်ဖြစ်သည်။ ၎င်းအပြင် အစိုးရက သတ်မှတ်ထားသော ကျောင်းဝတ်စုံကိုလည်း အတည်ပြုသုံးစွဲရမည်ဖြစ်သည်။

အစိုးရအထောက်အပံ့ကို လက်ခံသော အမျိုးသားကျောင်းများရှိသကဲ့သို့ အကူအညီကို ခါးခါးသီးသီးငြင်းပယ်သော ကျောင်းများလည်းရှိသည်။ အကူအညီယူတာထက် ဆင်းဆင်းရဲရဲနေတာကမှ ကောင်းသေးတယ်ဟု ကျေးရွာဥက္ကဋ္ဌတစ်ဦးက ပြောသည်။ ၎င်းပြောဆိုချက်သည် အစွန်းရောက်သည်ဟု ထင်မြင်ယူဆနိုင်သော်လည်း တိုင်းရင်းသား ပဋိပက္ခနှင့် မွန်အမျိုးသားစာသင်ကျောင်းများ၏ လွတ်လပ်သော ရပ်တည်မှုနှင့်ပတ်သက်သော ပြည်ထောင်စုအစိုးရ၏ မူဝါဒများအပေါ် မယုံကြည်သော သဘောထားများကို စာနာနားလည်သင့်သည်။ ပြင်ပအကူအညီလိုအပ်နေသော မွန်အမျိုးသားစာသင်ကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများ၏ ကောင်းကျိုးကို အမှန်တကယ်လိုလားမည်ဆိုပါက မြန်မာအစိုးရအနေဖြင့် ထောက်ပံ့မှုဆိုင်ရာ ထားရှိရမည့်ကတိဝတ်များနှင့်ပတ်သက်၍ ပြန်လည်စဉ်းစားသင့်ပြီး အမျိုးသားကျောင်းအုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များနှင့် ရပ်ကျေးခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်သင့်သည်။ ထောက်ပံ့မှုရယူလိုပါက ကတိဝတ်ကို လိုက်နာရမည်၊ မလိုက်နာနိုင်ပါက ထောက်ပံ့မှုပြုလုပ်မည်မဟုတ်ဆိုသည့် ‘ဘူးဆိုဖရုံမသီးဘူး’ ဟူသောသဘောထားသည် ပူးပေါင်းဆောင်ရွက်မှုများကို ခက်ခဲစေမည့် အကြောင်းအရင်း တရပ်ဖြစ်သည်။

## ၄) အကြံပြုချက်

အထက်ပါတွေ့ရှိချက်များသည် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်၊ လက်တွေ့ဆန်သော ညှိနှိုင်းဆွေးနွေးမှုများစတင်ရန်နှင့် နောက်ထပ်သုတေသနများ ပြုလုပ်ရန်အတွက် အချက်အလက်ကောင်းများဖြစ်သည်ဟု အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က ယုံကြည်ပါသည်။ မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အောက်ဖော်ပြပါ အကြံပြုချက်များကို ချက်ချင်းအကောင်ထည်ဖော်ရန် အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်က တိုက်တွန်းလိုက်ပါသည်။

### ပညာရေးပြုပြင်ပြောင်းလဲမှု ပိုမိုခိုင်မာစေရန်အတွက်

- မြန်မာအစိုးရအနေဖြင့် ပညာရေးအသုံးစရိတ်ကို မြှင့်တင်သုံးစွဲရန်။
- မွန်ပြည်သစ်ပါတီနှင့် မွန်အမျိုးသားပညာရေးကော်မတီတို့အနေဖြင့် ယခုအစီရင်ခံစာ၌ ဖော်ပြထားသော လိုအပ်ချက်များနှင့်ကိုက်ညီသည့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန်။
- မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပညာရေးပြုပြင်ပြောင်းလဲမှုအကြောင်းကို ထည့်သွင်းဆွေးနွေးရန်နှင့် အထူးသဖြင့် ယခုအစီရင်ခံစာ၌ ဖော်ပြထားသော အကြောင်းအရာများကို အဓိကထား ဆွေးနွေးရန်။

### ဆင်းရဲမွဲတေမှုကြောင့် ပညာရေးအပေါ် ထိခိုက်မှုကို လျှော့ချရန်အတွက်

- မြန်မာအစိုးရနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် မွန်ကျေးလက်ဒေသများတွင် ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေးကော်မတီတို့အနေဖြင့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းတက်နေသည့်ကလေးများ အချိုးအစားနှင့်ပတ်သက်၍ မွန်ဒေသနှင့် တစ်နိုင်ငံလုံးအတိုင်းအတာကြား ကွာဟမှုကို သိရှိနိုင်ရန် လေ့လာမှုစနစ်တစ်ခုကို ထားရှိရန်။
- မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် ကျေးလက်ဒေသများတွင် ကျောင်းနေစရိတ် လျှော့ချနိုင်ရန်၊ ချမှတ်ထားသော မသင်မနေရ အခမဲ့ပညာရေးစနစ်ကို အမှန်တကယ် အကောင်ထည်ဖော်ရန်၊ အခမဲ့ပညာရေးစနစ်ကို အလယ်တန်းပညာအထိ တိုးချဲ့နိုင်ရန်၊ ရပ်ဝေးဒေသတွင် ကျောင်းတက်နေရသော ကလေးများအတွက် ပညာသင်ဆုထောက်ပံ့ငွေမြှင့်ရန်။

- မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် ကလေးများ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရန်နှင့် ကျောင်းမတက်နိုင်သော ကလေးများအတွက် ကျောင်းပြင်ပ ပညာသင်ယူမှုစနစ်ကို အကောင်ထည်ဖော်လုပ်ဆောင်ရန်။
- မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေးကော်မတီတို့အနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးငယ်များ ပညာသင်ယူမှုလွယ်ကူစေရန်အတွက် အဆင်ပြေစွာဖြင့် ကျောင်းပြောင်းနိုင်ရန် စီစဉ်ပေးရန်။
- မြန်မာအစိုးရ၊ မွန်အမျိုးသားပညာရေးကော်မတီ၊ မွန်လူထုအခြေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအလှူရှင်များအနေဖြင့် စွမ်းရည်မြှင့်တင်မှု၊ ပညာပေးစည်းရုံးမှုနှင့် အလုပ်အကိုင်ဖန်တီးပေးမှုများလုပ်ဆောင်ပြီး ပညာရေးအပေါ်ထားရှိသော ပြည်သူလူထုတို့၏ သဘောထားအမူအကျင့်ကို ပြန်လည်တည့်မတ်ရန်။

## အခြားကျန်ရှိနေသော အခက်အခဲများကို ဖြေရှင်းရန်အတွက်

- မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေးကော်မတီတို့အနေဖြင့် လက်ရှိပထဝီအနေအထားနှင့်ကိုက်ညီသော မြေပုံများရေးဆွဲရန်နှင့် ပညာရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်ရန်၊ မွန်ဒေသရှိ စာသင်ကျောင်းများအားလုံး၏ တည်နေရာကို မြေပုံရေးဆွဲရန်၊ ပညာသင်ယူမှု လွယ်ကူစေရန်အတွက် လိုအပ်သောနေရာများတွင် စာသင်ကျောင်းသစ်များ တည်ဆောက်ရန်။
- မြန်မာအစိုးရနှင့် မွန်ပြည်သစ်ပါတီတို့အနေဖြင့် အခြေခံအဆောက်အဦးနှင့် လမ်းတံတားများကို တည်ဆောက်ပေးရန်နှင့် ကျောင်းသွားရာ ခရီးလမ်းတစ်လျှောက် လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးရန်။

## အရင်းအမြစ်ရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက်

- မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေးကော်မတီတို့အနေဖြင့် သက်ဆိုင်ရာဒေသရှိ စာသင်ကျောင်းများ၏ အရင်းအမြစ်လိုအပ်ချက်စစ်တမ်းကို ကောက်ယူရန်။
- မြန်မာအစိုးရနှင့် မွန်အမျိုးသားပညာရေးကော်မတီတို့အနေဖြင့် ဆရာဆရာမများ၏ လစာများကို တိုးမြှင့်ခြင်းနှင့် ဆရာဆရာမများအတွက် မွမ်းမံသင်တန်းများ စီစဉ်ပေးခြင်းဖြင့် လူ့အရင်းအမြစ်ရှားပါးခြင်းပြဿနာကို ဖြေရှင်းရန်။
- မွန်အမျိုးသားပညာရေးကော်မတီအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်နှင့် အဖွဲ့အစည်းတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များကို သိရှိနိုင်ရန် လက်ရှိပညာရေးအသုံးစရိတ်နှင့်ပတ်သက်၍ တိကျသေချာစွာ ပြန်လည်ဆန်းစစ်ရန်နှင့် သုံးသပ်လေ့လာရန်။

- မြန်မာအစိုးရအနေဖြင့် အမျိုးသားကျောင်းများအပေါ် သတ်မှတ်ထားသော ထောက်ပံ့မှုရယူရေးဆိုင်ရာ ကတိဝတ်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန်နှင့် အမျိုးသားကျောင်းများ၏ လွတ်လပ်သောရပ်တည်မှုကို ထိခိုက်ခြင်း မရှိစေဘဲ အစိုးရထံမှ အကူအညီများ ရယူနိုင်ရန်အတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးရန်။
- နိုင်ငံတကာအလှူရှင်များအနေဖြင့် တိုင်းရင်းသားအမျိုးသားကျောင်းများအတွက် အစိုးရ၏ ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီမှုရရှိသည်အထိ အစိုးရမဟုတ်သောအဖွဲ့အစည်းများအား ပညာရေးဆိုင်ရာ ထောက်ပံ့မှု ဆက်လက်ပြုလုပ်ရန်။

